
# ACC Against COVID-19





အစီအစဉ် (၇၁)

"COVID-19 ကာလအတွင်း အခွင့်အလမ်းနှင့် ဘေးအန္တရာယ်"

တင်ပြသူ

ဦးကျော်စွာ (လူ့အခွင့်အရေးကော်မရှင်)



ကိုဗစ်-၁၉ ကပ်ရောဂါ၏ အကျိုးဆက်များကို
လူတိုင်း ထိခိုက်ခံစား နေရသည့်တိုင်
တချို့လူများအပေါ်တွင် ကြီးကြီးမားမား
သက်ရောက်မှုများ ရှိနေသည်။ ကိုဗစ်-၁၉
ကပ်ရောဂါကြောင့် နေ့စဉ်လူနေမှုဘဝတွင်
ပြောင်းလဲမှုများ ကြုံတွေ့ နေရသလို နောင်လာမယ့်
နှစ်များအတွင်း အုပ်ချုပ်မှုပုံစံ အပြောင်းအလဲများပါ
ကြုံတွေ့ရလာဖွယ်ရှိသည်။ သမိုင်းကြောင်း
ကိုပြန်ကြည့်လျှင်လည်း ကပ်ရောဂါကြီးများက
ကမ္ဘာကြီးကို ကြီးမားသည့်အပြောင်းအလဲများ
ဖြစ်စေခဲ့ကြောင်း သာဓကများစွာ
တွေ့နိုင်မည်ဖြစ်သည်။




ACC Against COVID-19

U Kyaw Swar



ACC Against COVID-19

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ၏
သက်ရောက်မှုအတိုင်းအတာကို တိတိကျကျ မခန့်မှန်းနိုင်
သေးသည့်တိုင် လူ့အဖွဲ့စည်းအပေါ် သမိုင်းတွင်မည့် ရေရှည်
ဂယက် ရိုက်ခတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေလိမ့်မည်
ဆိုသည်ကို ကြုံတွေ့နေရသည့် အနေအထားအားလုံးက
ညွှန်ပြနေသည်။ လက်ရှိအခြေအနေသည် အရေးကြီးသည့်
လမ်းဆုံလမ်းခွ ရောက်နေသည့် အနေအထားဟုလည်း
ပညာရှင်တွေက ဆိုကြသည်။ သို့ဖြစ်ရာ ယင်းသို့သော
ရိုက်ခတ်မှုတွေကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး
ကဏ္ဍအပေါ်သက်ရောက်မှုများလည်း မလွဲမသွေ
ရှိလာမည်ဖြစ်ပေသည်။

U Kyaw Swar

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် အုပ်ချုပ်မှုဗဟိုဌာန၏ အရာရှိတစ်ဦးလည်းဖြစ်၊ Business of Integrity blog ၏ အယ်ဒီတာတစ်ဦးလည်းဖြစ်သော Peter Glover က ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အဂတိလိုက်စားမှုကြား ဆက်စပ်နေသည့် အခြေအနေများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ် (၂)ရပ်နှင့် အခွင့်အလမ်း(၁)ရပ်တို့ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။



## ဘေးအန္တရာယ်

- အကြပ်အတည်းကာလတွင် အဂတိလိုက်စားမှုများက အစိုးရ၏ တုန့်ပြန်မှုကို အနှောင့်အယှက်၊ အဟန့်အတား ဖြစ်စေလိမ့်မည်။
- အစိုးရများနှင့် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များသည် လူ့အဖွဲ့အစည်းအပေါ် ထိန်းချုပ်ရန်နှင့် ယင်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို တိုးမြှင့်ရရှိစေရန် ကိုဗစ်-၁၉ ကပ်ရောဂါကို အကြောင်းပြချက်တစ်ရပ်အဖြစ် အသုံးချလိမ့်မည်။

# အခွင့်အလမ်း

- ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အိမ်မှာနေရင်း အလုပ်လုပ်လာရသည်ဖြစ်ရာ ယင်းအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် e-government ကဲ့သို့ နည်းလမ်းသစ်များကို လက်ခံသုံးစွဲလာရလိမ့်မည်။



## အရေးပေါ်တုန့်ပြန်မှုများအပေါ် အဟာန့်အတားဖြစ်စေခြင်း

အဂတိလိုက်စားမှုများက ဝန်ဆောင်မှုပေးသည့် စွမ်းဆောင်ရည်နှင့် အရည်အသွေးကို ယုတ်လျော့စေပြီး ကိုဗစ်-၁၉ ကဲ့သို့ ကပ်ဘေးများက ယင်းသို့ဖြစ်စေရန် လမ်းကြောင်းများကို ဖွင့်ပေးလိမ့်မည် ဖြစ်သည်။ အဂတိလိုက်စားမှုများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို အားပျော့သွားစေပြီး ဆေးဝါးထောက်ပံ့မှုများ၊ အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်ပေးသူများနှင့် လူနာများကို ကိုင်တွယ်ကုသပေးရန် လိုအပ်သည့် အဆောက်အဦနှင့် ပစ္စည်းပစ္စယများ ပြတ်လပ်မှုများနှင့်ပင် ကြုံတွေ့ရနိုင်ပါသည်။

ထို့ပြင် အဂတိလိုက်စားမှုများကြောင့် အစိုးရအပေါ် ပြည်သူများအနေဖြင့် ယုံကြည်မှု ကျဆင်းလာနိုင်သည်ဖြစ်ရာ အရေးကြီးသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ထုတ်ပြန်ကြေညာချက် များအပေါ် လိုက်နာမှု အားနည်းသွားစေနိုင်ပါသည်။ အဂတိလိုက်စားမှုဖြင့် ချမ်းသာ ကြွယ်ဝလာသူ လူနည်းစုအာဏာပိုင်များအနေဖြင့် ရောဂါခြေချုပ်ထားခြင်းနှင့် အရေးကြီးဆေးဝါး သိုလှောင်ခြင်း လုပ်ငန်းများတွင် တံစိုးလက်ဆောင်များ ရယူနိုင်ပါသည်။ ယင်းကဲ့သို့ အဂတိလိုက်စားမှုများအပေါ် ပြည်သူလူထု၏ မကျေနပ်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ယင်းသို့ အစိုးရနှင့်ပြည်သူများအကြား ယုံကြည်မှုပျက်ပြားခြင်းက ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်ရေးလုပ်ငန်းများကိုများစွာ ထိခိုက်စေနိုင်ပါသည်။

# ကိုဗစ်-၁၉ ကို အကြောင်းပြချက်တစ်ရပ်အဖြစ် အသုံးချလာခြင်း

နိုင်ငံအတော်များများတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို အကြောင်းပြုလျက် အစိုးရ၏ လုပ်ပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်ကို ချဲ့ထွင်လာကြသည်။ ကမ္ဘာတစ်ဝှမ်းရှိ အစိုးရများအနေဖြင့် အရေးပေါ် အခြေအနေကြေငြာခြင်း၊ ပုံမှန်လုပ်ငန်းလည်ပတ်မှုများကို ဆိုင်းငံ့ခြင်း၊ အစိုးရအပေါ် ပြည်သူတို့၏ စောင့်ကြည့်ကြီးကြပ်မှုများကို ကန့်သတ်ခြင်း၊ ကြီးမားသည့် ပြည်သူ့ဘဏ္ဍာသုံးစွဲမှုများကို လုပ်ပိုင်ခွင့်ပြုခြင်း၊ ဝယ်ယူရေးလုပ်ငန်းစဉ်များကိုအရှိန်မြှင့်တင်ခြင်းစသည်တို့ကို လုပ်ဆောင်လာကြသည်။

တိုးမြှင့်ရရှိလာသည့်လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်နှင့် ထိန်းချုပ်နိုင်ခွင့်များက ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းကို လျင်လျင်မြန်မြန်တုန့်ပြန်နိုင်ရန် အစိုးရများအတွက် လိုအပ်သည့် အခွင့်အာဏာကို ရရှိစေမည်ဖြစ်ပြီး သီးခြားရည်မှန်းချက်များအတွက် သေချာပေါက် အသုံးချလိမ့်မည်ဆိုသည့် ဝေဖန်မှုများလည်း ရှိနေပြန်ပါသည်။

ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်မှုများ ဆုတ်ယုတ်လျော့ပါးသွားမှုအပေါ် အချို့သောအစိုးရများသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကို အကြောင်းပြချက်တစ်ခုအနေဖြင့် အသုံးချလိမ့်မည်ဟုဆိုသည်။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုယန္တရားမရှိပါက ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ အရင်းမြစ်များ ပျောက်ဆုံးခြင်းနှင့် နိုင်ငံတကာရန်ပုံငွေ အထောက်အပံ့များကို လမ်းလွဲအောင်ပြု၍ အလွဲသုံးစားပြုမှုများ ပေါ်ပေါက်လာနိုင်သည်ဟု ထောက်ပြထားပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအမည်ကို အသုံးချလျက် လူ့အခွင့်အရေးချိုးဖေါက်မှုများ နိုင်ငံ အများအပြားတွင် ဖြစ်ပွားလျက်ရှိရာ ကပ်ရောဂါအပေါ် အစိုးရ၏တုန့်ပြန်မှုများကို ဝေဖန် ပြစ်တင်ကြသည့် သတင်းသမားများ၊ ကျန်းမာရေးစောင့်ရှောက်ပေးသည့်ဝန်ထမ်းများနှင့် အခြား သူများ အနေဖြင့် ဖမ်းဆီးခံရခြင်း၊ ဒဏ်ရိုက်ခံရခြင်းနှင့် တိုက်ခိုက်ခံရခြင်းများကို ကြုံတွေ့နေ ကြရသည်။ လွတ်လပ်သော ဝေဖန်မှုများ ဆိတ်သုဉ်းသွားသည့်အခါ အဂတိလိုက်စားမှုများ ခေါင်းထောင်လာမည်ကို သတိပြုဖို့လိုအပ်ပါသည်။

# အသွင်ပြောင်း အုပ်ချုပ်မှု အခွင့်အလမ်း

အပြုသဘောဆောင်သည့်ဘက်မှကြည့်လျှင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အစိုးရများ အနေဖြင့် လက်တွေ့ကျသည့် ဖြေရှင်းနည်း အသစ်များကို တီထွင်ဖန်တီး လာနိုင်မည် ဖြစ်သည်။ အချို့သော အစိုးရ များမှာ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံနှင့် အီလက်ထရောနစ် ဆက်သွယ်ရေး ပလက်ဖေါင်းများကို အသုံးချပြီး ဝန်ထမ်းများအနေဖြင့် အိမ်မှာနေရင်း ရုံးလုပ်ငန်းများကို လုပ်ကိုင်လာကြပါသည်။







ယင်းသို့သော နည်းပညာအထောက်အပံ့များကြောင့် အစိုးရ၏လုပ်ငန်းလည်ပတ်မှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်သည့်အပြင် နည်းလမ်းသစ်များကြောင့် ပို၍ ပွင့်လင်းမြင်သာမှုရှိလာကာ အဂတိလိုက်စားမှုများကို လုပ်ဆောင်ရန်ပို၍ ခက်ခဲသွားစေပါသည်။

အဆိုပါ E-government ပလက်ဖေါင်းသစ်များကို ကောင်းစွာအသုံးချလည်ပတ်လုပ် ဆောင်နိုင်ခဲ့ပါက နိုင်ငံသားများအနေဖြင့် ပိုမိုထိရောက်မှုရှိသော အစိုးရ၏ လုပ်ငန်း လည်ပတ်မှုများမှ ကောင်းကျိုးများကို ခံစားကြရမည်ဖြစ်ပါသည်။ E-government ပလက်ဖောင်းများကို အရှိန်အဟုန်ဖြင့် ပြောင်းလဲအသုံးချလာပါက ငွေစက္ကူမဲ့ ငွေသား စီးဆင်းမှုများကို ခြေရာခံရန်နှင့် စာရင်းစစ်ဆေးမှုများ လုပ်ဆောင်ရန် ပိုမိုကောင်းမွန်သည့် ယန္တရားများ ပေါ်ပေါက်လာနိုင်မည်ဖြစ်သည်။ ဤအချက်သည်ပင် အဂတိလိုက်စားမှုကို လျော့ကျစေမည့် အကြောင်းတစ်ချက် ဖြစ်လာပေမည်။ ထို့ပြင် အရပ်ဖက်အဖွဲ့အစည်းများနှင့် သတင်းမီဒီယာသမားများအဖို့လည်း အစိုးရ၏တာဝန်ခံမှုအတွက် လိုအပ်သည့်သတင်း အချက်အလက်များ ရရှိရန် ပိုမို လမ်းပွင့်သွားမည်ဖြစ်သည်။

ယခင်က ကြုံတွေ့ခဲ့ရသည့် ကပ်ရောဂါများနည်းတူ ကိုဗစ်-၁၉ သည်လည်း ကမ္ဘာ့နိုင်ငံ အသီးသီးရှိ အဂတိလိုက်စားမှုများနှင့် ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးရေးအတွက် လမ်းဆုံလမ်းခွ အခြေအနေသို့ တွန်းပို့နေခဲ့ပြီဖြစ်သည်။ ယခင်ရှိပြီးသား အဂတိလိုက်စားမှုများကြောင့် ကပ်ရောဂါ အကျပ်အတည်းအပေါ် အစိုးရ၏တုန့်ပြန်မှုများကို အားနည်းသွားစေနိုင် သော်လည်း အစိုးရ၏တုန့်ပြန်လုပ်ကိုင်မှု ပုံစံသစ်များကြောင့်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရန် အခွင့်အလမ်းသစ်များလည်း ပေါ်ထွက်လာနိုင်ပေသည်။ ဤအခြေအနေတွင် ဒီမိုကရေစီ ထောက်ခံ သူများနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလှုပ်ရှားသူများအနေဖြင့်  အခွင့်အလမ်းသစ်များကို အသုံးချနိုင်ရေးအတွက်နည်းလမ်းမျိုးစုံသုံး၍ အစွမ်းကုန်ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## Ref: Covid–19 and Corruption: Two Risks and One Opportunity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု ရှုထောင့်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့်အသိပညာပေး ကဏ္ဍ၏ အထူး အစီအစဉ်အနေနှင့် "ACC Against COVID-19" ခေါင်းစဉ်ဖြင့် ACC Facebook Page တွင် နယ်ပယ် အသီးသီးမှ ပညာရှင်များရေးသားထားသော ဆောင်းပါးများကို တင်ပြလျက်ရှိပါကြောင်းနှင့် ဆောင်းပါးပါ အကြောင်းအရာများသည် စာရေးသူများ၏ အာဘော်များသာဖြစ်ပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ယူဆချက်များ၊ အာဘော်များကို ကိုယ်စားပြုခြင်း မရှိပါကြောင်း ဖော်ပြ အပ်ပါသည်။

A special program "ACC Against COVID-19" is arranged on ACC Facebook Page where articles of eminent persons from various fields are collected and posted as awareness in preventing corruption from the view of public integrity. The opinions in those articles are only of theirs alone and do not necessarily reflect the opinions of ACC Myanmar.